# ကျောင်းတွင် သင်၏ကလေးကို ကူညီရန် သင့်အနေဖြင့် သိထားရမည့်အရာ

## မိဘများ၊ အုပ်ထိန်းသူများနှင့် စောင့်ရှောက်သူများအတွက် လမ်းညွှန်



သင့်မိသားစုသည် အိုးအိမ်ဆုံးရှုံးမှုကြောင့် ယာယီ သို့မဟုတ် မပြည့်စုံသော နေထိုင်မှု အခြေအနေတွင် ရှိနေလျှင် သင့်ကလေးသည် အချို့သော ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့် ဝန်ဆောင်မှုအတွက် သတ်မှတ်ချက် ပြည့်မီနိုင်ပါသည်။

# McKinney-Vento ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက် ပြည့်မီမှု

သင့်မိသားစုသည် အောက်ပါတို့တွင် နေထိုင်ပါက

- ခိုလှုံစရာနေရာ တစ်နေရာတွင်
- အခြားမပြည့်စုံသော နေရာထိုင်ခင်း မရှိခြင်းကြောင့် မိုတယ် သို့မဟုတ် ယာယီစခန်းတစ်ခုတွင်
- ကား၊ ပန်းခြံ၊ စွန့်ပစ်ထားသော အဆောက်အအုံ သို့မဟုတ် ဘတ်စ်ကားဂိတ် သို့မဟုတ် ဘူတာရုံ
- အိုးအိမ်ဆုံးရှုံးမှုကြောင့် သို့မဟုတ် စီးပွားရေး အခက်အခဲကြောင့် အခြားလူများနှင့်အတူ ပူးတွဲ နေထိုင်ခြင်း

McKinney-Vento အက်ဥပဒေဟု ခေါ်သော ဖက်ဒရယ်ပြည်ထောင်စု ဥပဒေဖြင့် သင့်ကလေးက အကူအညီ ရရှိနိုင်ပါသည်။

# McKinney-Vento အခွင့်အရေးများနှင့် ပံ့ပိုးကူညီမှုများ

သင်၏ McKinney-Vento သတ်မှတ်ချက် ပြည့်မီသော ကလေးများသည် အောက်ပါတို့အတွက် အခွင့်အရေး ရရှိပါသည်။



- သင့်လျော်ရာ အခမဲ့ အစိုးရကျောင်းပညာရေးကို လက်ခံရရှိခွင့်
- စာရင်းသွင်းခြင်းအတွက် ပုံမှန်အားဖြင့် လိုအပ်သော စာရွက်စာတမ်းများ မရှိပင်လျှင် ကျောင်းသို့ ချက်ချင်း စာရင်းသွင်းနိုင်ခွင့်
- လိုအပ်သော စာရွက်စာတမ်းများ စုစည်းနေစဉ် ကျောင်းတွင် စာရင်းသွင်း၍ အတန်းများ တက်ရောက်ခွင့်
- ဒေသန္တရကျောင်းတွင် စာရင်းသွင်းခွင့် သို့မဟုတ် သင်ရွေးချယ်လျှင် မူရင်းကျောင်း (အိုးအိမ်ရှိခဲ့ချိန်က တက်ရောက်ခဲ့သောကျောင်း သို့မဟုတ် နောက်ဆုံး စာရင်းသွင်းခဲ့သောကျောင်း) ဆက်လက် တက်ရောက်ခွင့်

  *****_သင်ရွေးသည့် ကျောင်းသည် သင့်ကလေး၏ အကျိုးအတွက် အကောင်းဆုံး မဖြစ်ကြောင်း ကျောင်းစီမံခန့်ခွဲရေးက ယုံကြည်လျှင် စီမံခန့်ခွဲရေးက ရှင်းပြချက်ကို စာဖြင့် ရေးသား၍ သင့်ကို ပေးရမည်ဖြစ်ပြီး ၎င်း၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရန် သင်၏အခွင့်အရေးနှင့် ပတ်သက်၍ သင့်ထံ အကြောင်းကြားရမည်။_

- သင်တောင်းဆိုလျှင် မူရင်းကျောင်းသို့ အပို့အကြို ပို့ဆောင်မှုကို ရရှိခွင့်
- သင့်ကလေးများ၏ လိုအပ်ချက်များအတိုင်း အခြားကလေးများကို ထောက်ပံ့ပေးထားသော ပညာရေးဝန်ဆောင်မှုများနှင့် နှိုင်းယှဉ်နိုင်သည့် ပညာရေး ဝန်ဆောင်မှုများကို လက်ခံရရှိခွင့်

# အမေးများသော မေးခွန်းများ

## ကျွန်ုပ်ပြောင်းရွှေ့သည့်အခါ ကျွန်ုပ်၏ကလေးကို တက်နေသည့် ကျောင်းတွင် ဆက်ထားသင့်လား သို့မဟုတ် ဒေသန္တရကျောင်းသို့ ကလေးကို ပြောင်းရွှေ့သင့်သလား။

ကျောင်းတစ်ကျောင်းမှ တစ်ကျောင်းသို့ ပြောင်းရွှေ့ခြင်းသည် ကလေးများအတွက် အခက်အခဲ ဖြစ်စေနိုင်ပါသည်။ ကလေးများက သူတို့နှင့်သိသည့် သူငယ်ချင်းများနှင့် ဆရာများကို ချန်ထားခဲ့ရပြီး သူငယ်ချင်းအသစ်၊ ဆရာအသစ်နှင့် အတန်းသစ်များနှင့် အကျွမ်းဝင်အောင် လုပ်ဆောင်ရသည်။ ထို့ကြောင့် သင့်အနေဖြင့် အခြားနေရာသို့ ပြောင်းရွှေ့ရပင်လျှင် တက်နေသည့်ကျောင်း (မူရင်းကျောင်း) တွင် ဆက်တက်ရန် သင့်ကလေးအတွက် အကောင်းဆုံးဖြစ်တတ်ပါသည်။

သင့်ကလေးသည် တက်နေသည့်ကျောင်းတွင် ဆက်တက်သင့်လား သို့မဟုတ် သင်နေထိုင်ရာ နေရာတွင်ရှိသည့် ကျောင်းသစ်သို့ ပြောင်းရွှေ့သင့်သလား ဆုံးဖြတ်သည့်အခါ စဉ်းစားရန် မေးခွန်းအချို့ ဖြစ်ပါသည်။



- သင့်ကလေး အသက်မည်မျှဖြစ်သနည်း။
- သင်၏ လက်ရှိ နေထိုင်မှု အစီအစဉ်သည် မည်သို့ ဖြစ်သနည်း။ မူရင်းကျောင်းအနီးသို့ ပြန်လည်ပြောင်းရွှေ့ရန် စီစဉ်ထားပါသလား သို့မဟုတ် သင်၏ လက်ရှိ နေထိုင်မှု အစီအစဉ်အနီး နေမည်ဟု စဉ်းစားပါသလား။
- သင့်ကလေးသည် ၎င်း၏ မူရင်းကျောင်းကို သံယောဇဉ်ရှိနေပါသလား။ အသက်ကြီးသော ကလေးသည် ၎င်း၏ မူရင်းကျောင်းကို အလွန်သံယောဇဉ်ရှိသည် နှင့်/သို့မဟုတ် ကျောင်းပြီးတော့မည့် ကလေးသည် ကျောင်းပြောင်းရန် ပိုခက်ခဲနိုင်ပါသည်။
- သင်ရွှေ့ပြောင်းရသောကြောင့် သင့်ကလေးသည် မည်မျှ စိုးရိမ်ပူပန်ပါသနည်း။ ကျောင်းပြောင်းခြင်းသည် စိတ်ထိခိုက်စေမည်လား။
- ကျောင်းပြောင်းခြင်းသည် သင့်ကလေးကို ကျောင်းတွင် နောက်ကျန်ရစ်ဖြစ်စေပြီး မကောင်းသည့် အဆင့်များ ရစေမည်လား။
- နှစ်ဝက်စာသင်ကာလ သို့မဟုတ် စာသင်နှစ်အဆုံး၌၊ စစ်ဆေးမှုပြီးနောက်ပိုင်း သို့မဟုတ် သင့်ကလေးအတွက် အရေးကြီးသော ဆောင်ရွက်လှုပ်ရှားမှုပြီးနောက် ကဲ့သို့သော သင့်ကလေးအတွက် ကျောင်းပြောင်းရန် တစ်နှစ်တာ၏ အချိန်ကောင်းဖြစ်ပါသလား။
- သင့်ကလေးသည် မူရင်းကျောင်းသို့ သွားတက်ရန် အချိန်မည်မျှ ကုန်ဆုံးမည်နည်း။ အချိန်အကြာကြီး သွားရခြင်းသည် ကလေး၏ ကျောင်းစာများအပေါ် မကောင်းသည့် သက်ရောက်မှု ရှိနိုင်သည်။
- သင့်ကလေး တက်ရောက်သင့်သည့် ကျောင်းကို ရွေးချယ်ရာတွင် စဉ်းစားရမည့် ဘေးကင်းလုံခြုံရေး ပြဿနာများ ရှိပါသလား။

## ကျွန်ုပ်၏ကလေး တက်သင့်သော ကျောင်းနှင့်ပတ်သက်၍ ကျောင်းနှင့် ကျွန်ုပ်က သဘောမတူပါက မည်သို့ဖြစ်မည်နည်း။

သင်နှင့် ကျောင်းက သဘောမတူပါက ကျောင်းစီမံခန့်ခွဲရေးအနေဖြင့် သင့်ကလေးက သင်တက်စေချင်သည့်ကျောင်းထက် အခြားကျောင်းသို့ တက်သင့်ရသည့် အကြောင်းရင်းကို သင့်ထံ စာဖြင့် ရေးသား ပြောပြရမည်။ အဆိုပါ ဆုံးဖြတ်ချက်ကို သင့်အနေဖြင့် မည်သို့ အယူခံဝင်နိုင်ကြောင်းကို လည်း ပြောပြရပါမည်။ သဘောထားကွဲလွဲမှု ဖြေရှင်းစဉ် ကလေးအတွက် အကောင်းဆုံးဟု သင်ထင်သော ကျောင်းတွင် သင့်ကလေးအနေဖြင့် အပြည့်အဝ စာရင်းသွင်းခြင်း၊ တက်ရောက်ခြင်းနှင့် ပါဝင်ဆောင်ရွက်ခြင်း ပြုလုပ်နိုင်ဆဲဖြစ်ပါသည်။Sm

## ကျွန်ုပ်ကလေး၏ ကျောင်းပညာရေးကို ကူညီရန် ကျွန်ုပ် မည်သူ့ထံ ဆက်သွယ်နိုင်သနည်း။




- ကျောင်းစီမံခန့်ခွဲရေးတိုင်းတွင် **ဒေသန္တရ အိုးအိမ်မဲ့ ပညာရေး ညှိနှိုင်းဆောင်ရွက်သူ** တစ်ဦး ရှိပါသည်။ မည်သည့်ကျောင်းသည် သင့်ကလေးအတွက် အကောင်းဆုံးဖြစ်မည် ဖြစ်ကြောင်းနှင့် ကျောင်းနှင့် ဆက်သွယ်ရန် အဆိုပါပုဂ္ဂိုလ်က သင့်ကို ကူညီပေးနိုင်ပါသည်။ ကျောင်းအထောက်အပံ့များ၊ အပိုဆောင်း ဝန်ဆောင်မှုများနှင့် ကျောင်း၌ အခမဲ့ အစားအစာများ ရရှိစေရန်၊ မူရင်းကျောင်းသို့ အပို့အကြို ပို့ဆောင်ရေး စီစဉ်ရန်နှင့် ရပ်ရွာပံ့ပိုးကူညီမှုများ သင်တွေ့ရှိနိုင်စေရန်လည်း အဆိုပါ ဒေသန္တရ ညှိနှိုင်းဆောင်ရွက်သူက ကူညီနိုင်ပါသည်။
- ကျောင်းအသစ်တွင် သင့်ကလေးကို စာရင်းသွင်းသည့်အခါ ၎င်း၏ **ဆရာ(များ)** နှင့် တွေ့ဆုံရန် တောင်းဆိုသင့်သည်။ သင့်ကလေးက မည်သို့ လုပ်ကိုင်နေကြောင်း ဆွေးနွေးပြောဆိုရန် မကြာခဏ ကလေး၏ ဆရာ(များ)နှင့်လည်း ပြောဆိုသင့်သည်။ သင့်ကလေး၏ ကျောင်းစာနှင့် ပတ်သက်၍ မေးမြန်းရန်နှင့် သင့်ကလေးကို သင်ယူလေ့လာအောင် အထောက်အကူပေးမည့် အချက်အလက်များ ပေးရန် ကလေး၏ကျောင်းရှိ ဆရာ အနည်းဆုံး တစ်ဦးကို ကောင်းစွာ သိရှိထားပါ။
- အပြောင်းအလဲများနှင့် အခက်အခဲများကို ကိုင်တွယ်ဖြေရှင်းနိုင်စေရန် **ကျောင်းအကြံပေး ပုဂ္ဂိုလ်** က သင့်ကလေးကို ကူညီပေးနိုင်ပါသည်။ သင့်ကလေးသည် အိမ်တွင် ပြုမူလုပ်ကိုင်နေသည့် ပုံစံ သို့မဟုတ် ကျောင်းစာကို ထိခိုက်စေနိုင်သည့် ကိုင်တွယ်ဖြေရှင်းသည့် ပုံစံတို့နှင့် ပတ်သက်၍ အချက်အလက်တစ်ခုခုကို ထိုပုဂ္ဂိုလ်ထံ မျှဝေပြောကြားပါ။
- သိထားသင့်သည့် အခြားပုဂ္ဂိုလ်များမှာ **ကျောင်းအုပ်ကြီး၊ ကျောင်းတက်ဆင်း အရာရှိ၊ ယာဉ်မောင်း၊ school ကျောင်းလူမှုလုပ်သား** နှင့်**ကျောင်းသူနာပြု** တို့ ဖြစ်ကြသည်။
- **ကျောင်းတွင် ကောင်းစွာ လုပ်ဆောင်နိုင်ရန်** သင့်ကလေး လိုအပ်သည့် ဝန်ဆောင်မှုများ အားလုံး သေချာစွာ ရရှိစေအောင် ကျောင်းနှင့် ကျောင်းစီမံခန့်ခွဲရေး ဝန်ထမ်းအားလုံးက ကူညီပေးနိုင်ပါသည်။ သင့်ကလေး၏ ပညာရေးတွင် သင်သည် အရေးကြီးသော မိတ်ဖက်တစ်ဦး

ဖြစ်ပြီး ကျောင်း၊ ကျောင်းစီမံခန့်ခွဲရေးနှင့်အတူ အဖွဲ့တစ်ဖွဲ့အနေဖြင့် လုပ်ကိုင်သင့်ပါသည်။

## McKinney-Vento အက်ဥပဒေအရ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ မည်သည့် မေးခွန်းများကို မေးသင့်သနည်း။

- ဒေသန္တရ အိုးအိမ်မဲ့ ပညာရေး ညှိနှိုင်းဆောင်ရွက်သူသည် မည်သူဖြစ်သနည်း။ ကျွန်ုပ်သည် ထိုသူထံသို့ မည်သို့ ဆက်သွယ်နိုင်သနည်း။
- တက်နေသည့်ကျောင်း (မူရင်းကျောင်း) တက်ရန် ကျွန်ုပ်ကလေးအတွက် မည်သည့် ပို့ဆောင်ရေး ရရှိနိုင်သနည်း။
- ကျွန်ုပ်၏ကလေး ကျောင်းပြောင်းလျှင် ကျောင်းအသစ်သို့ မှတ်တမ်းများ အမြန် ရွှေ့ပြောင်းနိုင်အောင် မည်သူက ကျွန်ုပ်တို့ကို ကူညီပေးနိုင်သနည်း။
- ကျွန်ုပ်၏ကလေးသည် ကျောင်း၌ အခမဲ့ အစားအစာများကို မည်သို့ ရရှိနိုင်သနည်း။
- လိုအပ်လျှင် ကျွန်ုပ်၏ကလေးသည် အခမဲ့ ကျောင်းအထောက်အပံ့များကို မည်သို့ ရရှိနိုင်သနည်း။



- ကျွန်ုပ်၏ ကလေးသည် အထူးပညာရေး ဝန်ဆောင်မှုများ လိုအပ်ပါက မည်သူ ကူညီနိုင်သနည်း။ အဆိုပါဝန်ဆောင်မှုများကို မည်မျှ လျှင်မြန်စွာ ဆောင်ရွက်နိုင်သနည်း။
- Title I အစီအစဉ်များ သို့မဟုတ် ကျောင်းပြီးနောက် နည်းပြပေးခြင်း ကဲ့သို့ ကျွန်ုပ်၏ ကလေးအတွက် မည်သည့်ပညာရေး အကူအညီ ရရှိနိုင်ပါသနည်း။
- မည်သည့် အစီအစဉ်များက ကျွန်ုပ်ကလေး၏ ပင်ကိုယ်အရည်အသွေး တိုးတက်စေအောင်



ကူညီနိုင်ပြီး ၎င်း၏ ထူးခြားသည့် လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်သနည်း။

- ကျွန်ုပ်၏ကလေးအတွက် အားကစား၊ တေးဂီတ သို့မဟုတ် အခြားလှုပ်ရှားဆောင်ရွက်မှုများ ရရှိနိုင်ပါသလား။
- ကျွန်ုပ်ငွေမပေးနိုင်လျှင် ကျွန်ုပ်၏ကလေးသည် ကျောင်းလေ့လာရေး ကွင်းဆင်းခရီးများကို မည်သို့ သွားနိုင်သနည်း သို့မဟုတ် အခြားကျောင်း လှုပ်ရှားဆောင်ရွက်မှုများတွင် မည်သို့ ပါဝင်နိုင်ပါသနည်း။
- အသက်ငယ်သော ကလေးများအတွက် မူကြိုအစီအစဉ် ရှိပါသလား။

## ကျောင်းတွင် ကလေးကို ကူညီပေးရန် ကျွန်ုပ် မည်သည်ကို လုပ်ဆောင်နိုင်သနည်း။



- သင့်ကလေး နေ့စဉ် ကျောင်းတက်ပြီး အနားယူစေကာ သေချာ အစားအသောက်ကျွေးပါ။
- အိမ်စာလုပ်ရန် သင့်ကလေးအတွက် တိတ်ဆိတ်သော နေရာပေးပါ။ သင့်ကလေးကို အိမ်စာတွင် ကူညီပေးရန် နေ့စဉ် အချိန်ဖယ်ချန်ပေးပါ။
- သင့်ကလေး၏ ကျန်းမာရေး လိုအပ်ချက်များကို အာရုံစိုက်ပြီး မည်သည့်ပြဿနာဖြစ်စေ စောစော စောင့်ရှောက်ပါ။
- ကျောင်းတွင် မည်သည်ကို သင်ယူနေရကြောင်း ကလေးကို မေးပါ။ ကလေးကို ရှင်းပြခိုင်းပါ။ သင့်ကလေး၏ ပညာရေးတွင် သင်က စိတ်ဝင်စားမှုကို ပြပါက ကလေးက အရေးကြီးကြောင်း သိလာပါမည်။
- သင့်ကလေးကို နေ့စဉ် စာဖတ်ပြပါ။ အသက်ကြီးသော ကလေးများအတွက် ဆိတ်ငြိမ်စွာ

### မေးခွန်းကောင်းများသည် စာဖတ်သူကောင်းသူများဖြစ်စေသည်။

ဖတ်ရှုနေသည့်အရာကို ကလေးများအား မေးမြန်းခြင်းသည် စဉ်းစားတွေးခေါ်မှု ကောင်းသူများ ဖြစ်စေအောင် အထောက်အကူပေးပါမည်။

**ဇာတ်လမ်းများအတွက် (စိတ်ကူးယဉ်) -**

- ဘာဖြစ်ခဲ့သလဲ။ ဘာဖြစ်မယ်လို့ ထင်သလဲ။ ဘာလို့လဲ။
- အဓိကဇာတ်ကောင်က ဘယ်သူလဲ။ သူ့ကို သဘောကျလား။ ဘာလို့လဲ။ သူလုပ်ခဲ့သလို မင်းရော လုပ်မှာလား။ မလုပ်ဘူးဆို ဘာလုပ်မှာလဲ။
- ဒီဇာတ်လမ်းကို ဘယ်လိုခံစားရလဲ။

**အချက်အလက်ဆိုင်ရာအတွက် (သုတစာပေ) -**

- ဆောင်းပါး သို့မဟုတ် အခန်းက ဘာအကြောင်းလဲ။ တတ်နိုင်သမျှ အသေးစိတ် မေးပါ။
- စာရေးဆရာရဲ့ အဓိက ဆိုလိုရင်းက ဘာလို့ထင်လဲ။
- ဘယ်အပိုင်းကို စိတ်အဝင်စားဆုံးလဲ။
- ဤအချက်အလက်က အရေးကြီးတယ်လို့ ဘာလို့ ထင်တာလဲ။

အတူတူ စာဖတ်ရန် သင်နှင့် သင့်ကလေးအတွက် နေ့စဉ် အချိန်ချန်ထားပါ။ ဖတ်သည့် အကြောင်းအရာကို ဆွေးနွေးပြောဆိုပါ။

- အဆင့်ကောင်းရခြင်း သို့မဟုတ် ကျောင်းအားကစားအဖွဲ့တွင် ကစားခြင်း ကဲ့သို့သော ကောင်းမွန်စွာ လုပ်ဆောင်ခြင်းအတွက် သင့်ကလေးကို ချီးကျူးပါ။
- ကလေးက သင့်ကို ပြောပြသည့် အကြောင်းကို နားထောင်ပြီး သူ့တွင် ရှိနေသည့် ပြဿနာကို ဆွေးနွေးပြောဆိုပါ။ ဆရာ သို့မဟုတ် ကျောင်းအကြံပေးပုဂ္ဂိုလ်တစ်ဦးဖြင့် အဆိုပါပြဿနာ များအကြောင်းကိုလည်း သင်က ဆွေးနွေးနိုင်ပါသည်။
- အားကစားနှင့် တေးဂီတ ကဲ့သို့ အရာများတွင် ပါဝင်ရန် သင့်ကလေးကို တိုက်တွန်းပါ။

# NCHE မှ အရင်းအမြစ်များ

### အခမဲ့ခေါ်ဆိုရန် ဖုန်း - 800-308-2145 သို့မဟုတ် homeless@serve.org

NCHE က သင့်ကလေး၏ ကျောင်းအခွင့်အရေးများကို ရှင်းပြပြီး ကျောင်းစီမံခန့်ခွဲရေးရှိ ဒေသန္တရ ညှိနှိုင်းဆောင်ရွက်သူထံ ဆက်သွယ်ရန်နည်းလမ်းကို ပြောပြနိုင်သည်။ ဒေသန္တရ ညှိနှိုင်းဆောင်ရွက်သူက ကျောင်းတွင် သင့်ကလေးကို စာရင်းသွင်းခြင်းနှင့် သင့်ကလေးလိုအပ်သည့် အကူအညီ လက်ခံရရှိနိုင်စေအောင် စိစစ်ခြင်းတို့တွင် ကူညီပေးနိုင်ပါသည်။

### ဝဘ်ဆိုက် - http://nche.ed.gov

- ကျောင်း၌ ကလေးကို ကူညီပေးစေချင်သော မိဘများအတွက် ဝဘ်စာမျက်နှာတစ်ခု အပါအဝင် NCHE ဝဘ်ဆိုက်တွင် အချက်အလက်ကောင်းများစွာ ရှိပါသည်။ https://nche.ed.gov/ibt/parent_res.php.

### Parent Pack Pocket Folders

- Parent Pack Pocket Folders ဆိုသည်မှာ သင့်ကလေး၏ ကျောင်းပညာရေးနှင့် ပတ်သက်သော အရေးကြီး မှတ်တမ်းများနှင့် စာရွက်စာတမ်းများကို သိမ်းဆည်းနိုင်သည့် ဖိုင်များ ဖြစ်သည်။ ဖိုင်များသည် အိုးအိမ်မဲ့ အခြေအနေများရှိသည့် ကလေးများ၏ ပညာရေး အခွင့်အရေးများကိုလည်း ရှင်းပြထားပါသည်။
- 800-308-2145 သို့ ခေါ်ဆိုခြင်း သို့မဟုတ် https://nche.ed.gov/online_order.php သို့ ဝင်ရောက်ခြင်းဖြင့် အခမဲ့ ထိုဖိုင်များကို မှာယူပါ။

## ဒေသန္တရ ညှိနှိုင်းဆောင်ရွက်သူ

## အိုးအိမ်မဲ့ပညာရေးအတွက် ပြည်နယ် ကွပ်ကဲရေးမှူး

အိုးအိမ်မဲ့သူများ ပညာရေးအတွက် အမျိုးသားဌာနမှ ဘာသာစကား နှင့် ပစ္စည်းများကို အသုံးပြု၍ ပြည်သူ့ညွှန်ကြားရေး ကြီးကြပ်ရေး ရုံးက ဤစာရွက်စာတမ်းကို ထုတ်ဝေခဲ့သည်။ Creative Commons CC-BY လက်အောက်တွင် ဤစာရွက်စာတမ်းကို အကာအကွယ်ပေးထားပါသည်။ နောက်ထပ်အချက်အလက်များ အတွက် k12.wa.us သို့ ဝင်ရောက်ပါ။

Washington Office of Superintendent of
**PUBLIC INSTRUCTION**

Burmese